
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ဖဲဝိဇ္ဇာ

# အောင်မြတ်သာနှင့် ဖဲဝိဇ္ဇာ

အောင်မြတ်သာတို့ ဆရာ တပည့်တွေလည်း ဘိဇလပ်ကုန်း ရွာက နေ ထွက် လာပြီး ခရီးဆက်ခဲ့ရာ"ခံတပ်ကုန်း"ဆိုတဲ့ ရွာလေးကို ရောက် လာခဲ့တယ်။

မြို့မကျ ရွာမကျ နေရာလေး ဖြစ်လို့ လူတွေရဲ့ သွားလာ လှုပ်ရှားမှု က မပြတ်လပ်ခဲ့ဘူး။ အောင်မြတ်သာတို့ လည်း လှည်းလမ်းဘေးမှာ ရှိ တဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ပြီး ထိုင်နေတဲ့ အချိန် ...

"မနေ့ညက ဝိုင်းကောင်းတယ် ဟိုဘက်ရွာက ကိုမင်းထင်ဆို တော်တော် ရသွားတာ"

တစ်ဖက်ဝိုင်းမှ လွင့်လာတဲ့ စကားသံကြောင့် သက်ခိုင် မသိမသာ လေး လှည့်ကြည့်လိုက်တယ်။ အောင်မြတ်သာ ကတော့ ရေနွေးခွက်ကို အရသာခံ သောက်ပြီး မသိသလို နေနေတာကို တွေ့လိုက်ရတယ်။ တစ် ဖက် ဝိုင်းမှာ လည်း ...

"ဟုတ်တယ် ကိုမင်းထင်ကြီးက တကယ် ကံကောင်းတာပဲဟေ့"

"ဒါဆို ဘယ်သူ ထိသွားလဲ"

"စပါး ပွဲစားလို့ တော့ ပြောတာပဲ ငါလည်း အရင်က ဒီနယ်မှာ မ တွေ့ဖူးဘူး သူဆိုညက ပါလာတဲ့ ပိုက်ဆံ အကုန်ပဲ"

"အဲဒါဆို စိတ်ဝင် စားတယ်ဟ့ နောက်တစ်ခါ ဝိုင်းတည်ရင် ခေါ်ဦး
"

"ဝိုင်းက ညတိုင်းရှိတာ ဒီည စပါးပွဲစားက ပြန်လာမယ် ပြောတယ် သူလာရင်တော့ ဝိုင်းစည်တာ အမှန်ပဲ"

"ဟုတ်လား ဒီညဘယ်မှာ ပွဲစမှာ လဲ"

"ရွာအနောက် ဘက်က စပါးပွဲရုံ အဟောင်းလေ သိတယ်မလား အဲဒီ ဂိုဒေါင်ထဲမှာ လာရင်လာခဲ့လေ ငါလည်း ရှိနေမယ်"

"အိုကေလေ ငါညကျရင် လာခဲ့မယ်"

တစ်ဖက်ဝိုင်းက လူတွေရဲ့ စကားလည်း ဆုံးရော အောင်မြတ်သာက ...

"မိတ်ဆွေ ခုနက ပြောလိုက်တာလေး ကြားလို့ ကျုပ်တို့ လည်း ဝါသနာ အနည်းငယ်ပါတယ်"

အောင်မြတ်သာရဲ့ စကားကိုကြားတော့ အရပ်ပုပုနဲ့ လူက ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ က ရဲတွေတော့ မဟုတ်ပါဘူးနော်"

"မိတ်ဆွေကလည်း ကျုပ်တို့ ပုံစံက ရဲပုံပေါက်နေ လို့ လား မဟုတ်ရ ပါဘူးဗျာ ဒီတိုင်း ခရီးသွားတွေပါ"

"အဲဒါဆို ငွေရော အလုံအလောက် ပါရဲ့ လား"

"ငွေကတော့ အပြည့်ပါတယ် ငွေအတွက် မပူနဲ့ ဝါသနာလေး ပါ တော့ ဝင်စမ်းချင် လို့ ပါ"

အောင်မြတ်သာရဲ့ စကားကြောင့် အရပ်ပုပုနဲ့ လူက ရှုပ်ပွနေတဲ့ ဆံပ

င်တွေကို လက်နဲ့ သပ် လိုက်ပြီး ...

"အဲဒါဆို ညကျရင် ကျုပ်ခေါ်သွား ပေးမယ် ကျုပ်ကိုတော့ မုန့်ဖိုး ပဲဖိုးလေးတော့ လုပ်ဦး"

"ဟာ ပေးရမှာ ပေါ့" လို့ ပြောပြီး လွယ်အိတ်ထဲ ကနေ ငွေအချို့ကို ထုတ်ပေးလိုက်တယ်။ ငွေအနည်းငယ် ရသွားတော့ အရပ်ပုပုနဲ့ လူရဲ့ မျက်နှာက ပြောင်းသွားပြီး ...

"ဒါနဲ့ ရွာမှာ အသိရှိလား"

"ဘယ်က ရှိရမှာ လဲဗျာ နေစရာ မရှိသေးလို့ ဘုန်းကြီးကျောင်းမှာ တည်းမလား စဉ်းစားနေတာ"

"ဟုတ်လား အဲဒါဆို ကျုပ်အိမ် လိုက်တည်းဗျာ အိမ်ကတော့ အကောင်းကြီး မဟုတ်ပေမဲ့ တည်းလို့ တော့ ရပါတယ်"

အရပ်ပုပုနဲ လူရဲ့ စကားကို ကြားတော့ အောင်မြတ်သာက ...

"အဆင်ပြေတာ ပေါ့ဗျာ ကျုပ်တို့ စီးလာတဲ့ ကားက သုံးရက်လောက် ပြင်ရဦးမှာ အဲဒီ အတောအတွင်း ခင်ဗျားအိမ်မှာ ပဲ နေရတော့မယ် နေတယ် ဆိုပေမဲ့ အလကားတော့ မနေပါဘူး ထိုက်သင့် သလောက်တော့ ပေးမှာ ပါ"

"ဟဲဟဲ ကျုပ်လည်း အဆင်ပြေ ခင်ဗျားတို့ လည်း အဆင်ပြေပေါ့ ကဲ ကျုပ်အိမ်ကို သွားကြစို့"

အောင်မြတ်သာ တို့ လည်း အရပ်ပုပု လူခေါ်တဲ့ နောက်ကို လိုက်သွား ခဲ့ကြတယ်။ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ပြီးတော့ ပျဉ်ထောင်အိမ် အဟောင်း တစ်လုံးရှေ့ကို ရောက်ခဲ့တယ်။

"ဒါကျုပ်အိမ်ပဲ စိတ်အေး လက်အေးတည်း ဘယ်သူမှ မရှိဘူး ကျုပ်နာမည်က ထွန်းအေး ရွာထဲက လူတွေကတော့ ဂျပုလို့ ပဲ ခေါ်တယ် မိတ်ဆွေတို့ လည်း ဂျပုလို့ ပဲ ခေါ်ပါ"

"အခုလို တည်းမဲ့နေရာ ပေးလို့ ကျေးဇူး တင်ပါတယ်ဗျာ ညကျရင် ကျုပ်တို့ ကို ခေါ်ဦးနော်"

အောင်မြတ်သာရဲ့ စကားကြောင့် ဂျပုဆိုတဲ့ သူက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး ...

"လောင်းကစား အရမ်း ဝါသနာပါတယ် ထင်တယ် စိတ်ချပါဗျ ကျုပ်ခေါ်သွား ပါ့မယ်"

အောင်မြတ်သာ တို့ လည်း ဂျပုရဲ့ အိမ်မှာ တည်းပြီး ညဘက်ရောက်အောင် စောင့်နေလိုက်တယ်။ ညနေစောင်း ရောက်တော့ ...

"ကိုယ့်လူတို့ လူတော့ စုံနေပြီ ညမှောင်တာနဲ့ ဝိုင်းစမယ် ပြောတယ် နောက်နာရီဝက် လောက်နေရင် ကျုပ်တို့ သွားကြရအောင်"

ဂျပုရဲ့ စကား အဆုံးမှာ အောင်မြတ်သာက ...

"ဒီနေ့ရော စပါးပွဲစား လာမှာ လား"

"ခင်ဗျားတို့ ပြောတာ နောက်ကျနေပြီ စပါးပွဲစားက ရွာထဲတောင် ရောက်နေပြီ သူ့ဆီမှာ ငွေတော့ တော်တော်များများ ပါလာတယ် ဒီညတော့ ရေကုန်ရေခန်း ဆော့တော့မယ် ထင်တယ်"

"ကျွန်တော် တစ်ခုလောက် ပြောမလို့ ဒီည ဆော့တဲ့ အခါ ကျွန်တော် မဆော့သေးပဲ ဘေးကခဏ ကြည့်နေဦးမယ် ကျုပ်မှာ က အဲလို အယူအဆလေး ရှိတယ်"

"ရတယ်ဗျ ဆော့မဲ့လူတွေ ထပ်နေတာ ဆော့ချင်တဲ့ အချိန်သာပြော လူလွှတ်တာနဲ့ ခင်ဗျားကို ထည့်ပေးမယ် ဒါနဲ့ ခင်ဗျားတို့ မှာ ငွေရော လုံလုံလောက်လောက် ပါတာ သေချာ ပါတယ်နော်"

ဂျပုရဲ့ စကားကြောင့် အောင်မြတ်သာ ပြုံးလိုက်ပြီး ...

"ဟော ဒီမှာ အပြည့်ပါတယ်" ဆိုပြီး ဆီစိမ်စက္ကူတွေ ထည့်ထားတဲ့ လွယ်အိတ်ကို ပုတ်ပြလိုက်တယ်။

ဂျပုလည်း စက္ကူတွေကြောင့် ဖောင်းကားနေတဲ့ အိတ်ကို ငွေတွေ ထည့်ထားတယ် ထင်ပြီး နောက်ထပ် မမေးတော့ဘူး။

"ကဲ ကျုပ်တို့ သွားကြရအောင် ဝိုင်းထဲမှာ ဘယ်သူမေးမေး ကျုပ်ခေါ်လာ တယ်လို့ ပြော ဒါမှ ခင်ဗျားတို့ ကို ရစ်လားပြုလား မလုပ်မှာ "

အောင်မြတ်သာ တို့ လည်း ဂျပုခေါ်တဲ့ နောက်ကို လိုက်သွားလိုက်တယ်။ အတန်ကြာ လမ်းလျှောက် ပြီးတဲ့ အချိန် ကျူထရံတွေ ကာထားတဲ့ ဂိုဒေါင်ဟောင်း တစ်လုံးရှေ့ကို ရောက်လာခဲ့တယ်။ ဂိုဒေါင်အပေါက်ဝ ရောက်တော့ ...

"ဂျပု မင်းနဲ့ ပါလာတာ ဘယ်သူတွေလဲ"

အပေါက်ဝမှာ ရပ်နေတဲ့ အသားမည်းမည်း ထောင်ထောင် မောင်းမောင်းနဲ့ လူရဲ့ စကားကို ကြားတော့ ဂျပုက ...

"ဒါက ကျုပ်မိတ်ဆွေတွေ ဝိုင်းရှိတယ် ဆိုလို့ ဆော့မလို့ လာတာ"

"အဲဒါဆိုလည်း ပြီးရော မင်းအသိ ဆိုရင်တော့ ကိစ္စမရှိပါဘူး ဒီည ဝိုင်းကြေးက ပြင်းတယ် ဒါကြောင့် တစ်ခုခု ဖြစ်မှာ စိုးလို့ မေးကြည့်တာ"